# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ သောကြာနေ့၊ (4-11-2011) (ဖြ၃၃)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။





**စက်ခလုတ်နှိပ် ဖွင့်လှစ်**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရေဝတီဘောလုံးအကယ်ဒမီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရေဝတီဘောလုံးအကယ်ဒမီဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

# နိုင်ငံတကာဘောလုံးလောကထဲ ပြန်လည်တိုးဝင်ပြီး အောင်ပန်းများဆွတ်ခူးမည်ဆိုလျှင် ပြောင်းလဲမှုများလုပ်ရမည်

# နိုင်ငံတော်က ဘောလုံးအကယ်ဒမီများ၏ လိုအပ်ချက်များကို တတ်အားသရွေ့ ကူညီပံ့ပိုးသွားမှာဖြစ်

ရန်ကုန်　　နိုဝင်ဘာ　　၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၆ သို့ ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဌမအကြိမ် ဆရာဝန်ညီလာခံ၊ ဆေးနှင့်ဆေးပစ္စည်းပြပွဲ၊ ပုသိမ်အထွေထွေရောဂါကု ဆေးရုံကြီးသို့ လှူနာတင်ယာဉ်လှူဒါန်းပွဲနှင့် SKY NET ရုပ်သံပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





## စဉ်ဆက်မပြတ် ဆေးပညာသင်တန်းများကို ဆရာဝန်အားလုံး တက်နိုင်ရန် စီစဉ်ပေး

# နယ်ရောက်ဆရာဝန်များ၏ လုပ်အားနှင့် အရည်အသွေးမြှင့်တင်ရေး ဦးစားပေးဆောင်ရွက်

# စေတနာနှင့်ဆောင်ရွက်နေသော ဆရာဝန်များကို ဝိုင်းဝန်းကာကွယ်၊ ဆရာဝန်ကျင့်ဝတ် အားနည်းသူကိုလည်း ထိရောက်စွာအရေးယူ

**ရန်ကုန်　　နိုဝင်ဘာ　　၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပုသိမ်)ခန်းမ၌ မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်)က ကြီးမှူးကျင်းပသော အဌမအကြိမ် ဆရာဝန်ညီလာခံ၊ ဆေးနှင့်ဆေးပစ္စည်းပြပွဲ၊ ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးသို့ လူနာတင်ယာဉ်လှူဒါန်းပွဲနှင့် SKY NET ရုပ်သံပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

ကြေးမုံ စာ တည်း ရှု ထောင့်

၄-၁၁-၂၀၁၁ [သောကြာနေ့]။

# လူငယ် စာရိတ္တနှင့် ဂါရဝ

သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်။ နိုင်ငံတိုင်းက ပြောင်းလဲတိုးတက်နေသည့် နည်းပညာများရယူ ကိုယ့်နိုင်ငံတိုးတက်ရေး အားထုတ်နေကြပြီ။ ဘဏ္ဍာရေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များ ပေါင်းစည်းခြင်းနည်းလမ်းများဖြင့် ကြိုးစားနေကြသည်မှာ အားစိုက်ခွန်စိုက် ကျားကုတ်ကျားခဲ အားကျစရာ။

နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးသည် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားပေါ်တွင် တည်မှီနေသည်။ လူငယ်များ ပညာတတ်ဖို့ စွမ်းရည်မြင့်မားဖို့ လိုပါသည်။ စာပေထူးချွန်ရုံ၊ အသိပညာမြင့်မားရုံသာမက အတွေးအမြင်ဖွံ့ဖြိုးဖို့လည်း လိုအပ်သည်။ ကျောင်းပရဝဏ်ကို ကျော်လွန်ပြီး ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းသို့ ရောက်သည့်အခါ လူမှုဘဝနှင့် သဟဇာတကျစွာ ရှင်သန်ရပ်တည်နိုင်ရေး အရေးကြီးပါသည်။

အထူးသဖြင့် လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်ကြရပါမည်။ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ တရားဥပဒေစည်းကမ်းများ လေးစားလိုက်နာတတ်သူများ ဖြစ်ကြရပါမည်။ ကိုယ်ကျင့်တရားကောင်းသူ၊ အသိအလိမ္မာရှိသူ၊ ပညာတတ်မြောက်သူများ၏ ကြိုးစားအားထုတ်မှုဖြင့် နိုင်ငံတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ပါမည်။ အများပြည်သူ လေးစားချစ်ခင်မှု ရရှိနိုင်ပါမည်။

အဆိုပါအချက်များသည် အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့် လူငယ်များအတွက် ထားရှိသည့်မျှော်မှန်းချက်။ စိတ်ဓာတ်ကောင်း၊ စေတနာကောင်း တိုင်းကျိုးပြည်ပြု လူငယ်ထုဖြစ်ပေါ်စေလိုသည့်ဆန္ဒ။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ပညာရေးအခြေခံကောင်းများ တည်ဆောက်ပေးထားပါသည်။ ပညာရပ်နယ်ပယ်စုံမှ အရည်အသွေးမြင့်မားပညာရှင်များ မွေးထုတ်ပေးနေသည်မှာ မှန်ပါသည်။

ယနေ့လူငယ်အများစုအတွင်း ခေတ်မီနည်းပညာရပ်များ သင်ကြားသင်ယူနေကြသည်။ ပြည်ပလူနေမှု ဓလေ့စရိုက်များလည်း အစုလိုက်အပြုံလိုက် ထိုးဖောက်ဝင်ရောက်လာနေကြသည်။ ဝတ်စားဆင်ယင် သောက်စားနေထိုင်ပုံများက ခေတ်ရှေ့ပြေးနေပြီ။ ပြောဆိုဆက်ဆံမှုများက ပွင့်လင်းရဲတင်းလွန်းလှသည်။ အများပြည်သူ စီးနင်းလာသည့်ယာဉ်ပေါ်မှာ၊ သွားလာလှုပ်ရှားနေသည့်လမ်းမပေါ်မှာ ပြုမူနေထိုင်ပုံများက မြန်မာ့လူမှုပတ်ဝန်းကျင် ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်သည့် မြင်ကွင်းများကား များမှများ။

ခေတ်မီနည်းပညာများ တိုးတက်လာသည်ကို ကြိုဆိုလက်ခံပါသည်။ ယဉ်ကျေးမှု လူနေမှုအကျင့်စရိုက် စာရိတ္တထိခိုက်စေသည့် လုပ်ရပ်များကိုမူ တားဆီးသင့်သည်။ မြန်မာ့လူမှုပတ်ဝန်းကျင်တွင် အမြင်မတင့်တယ်သည့် လူနေမှုစရိုက်များကို လက်ခံနေခြင်းသည် အနာဂတ်မျိုးဆက်သစ်များအား အတုယူမှားစေပါသည်။ မိဘ မောင်ဖွား လူကြီးသူကြီးများအား ဂါရဝထားလာသည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ပျောက်ပျက်မသွားရအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရေးအားလုံးမှာ တာဝန်ရှိကြောင်း သုံးသပ်ရှုမြင်မိပါသည်။ ။

## အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(မုံရွာဘဏ်ခွဲ)ဖွင့်ပွဲ၊ ရေဘေးသင့်ပြည်သူများ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(မုံရွာဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ညနေပိုင်းတွင် စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာ ရွှေသိမ်တော်ကျောင်းတိုက်မှာရုံ၌ ကျင်းပသော ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်၍ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ချောင်းဦးမြို့နယ် ငါးလုံးတင်ကျေးရွာအဝင် ကျောက်ချောလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ငါးလုံးတင်ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ရတနာသီရိကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပသည်။

အဆိုပါ ရတနာသီရိကျောင်းဆောင်သစ်သည် အလျား ၁၆၃ ပေ၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး စာသင်ခန်းခြောက်ခန်းပါရှိ၍ နိုင်ငံတော်က ငွေကျပ် ၁၄၄ သိန်း၊ ရပ်ရွာပြည်သူများက ငွေကျပ် ၁၇၃ သိန်း စုစုပေါင်း ငွေကျပ် ၃၁၇ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ငါးလုံးတင်ကျေးရွာ၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဖြစ်သည့် ဂျုံရိုးဦးထုပ်လုပ်ငန်းကို ကြည့်ရှုအားပေးပြီး မွန်းလွဲပိုင်းတွင် ဆားလင်းကြီးမြို့နယ် လက်ပန်တောင်းကျေးရွာ ချောမြတ်နွယ်ဓမ္မာရုံ၌ ကျင်းပသည့် ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်တို့အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန် ထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဇနီး ဒေါ်ဝေဝေခိုင်နှင့် အလှူရှင် ဒေါက်တာသာရင်မြတ်မိသားစုတို့က အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ချောင်းဦးမြို့နယ် ငါးလုံးတင်ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ရတနာသီရိကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၄-၁၁-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၀၅ ၃။ မျိုးချစ်တပ်မတော်
၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ ပညာပေးဇာတ်လမ်းတို
၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၈။ အိုင်စီတီသုတ
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် (အပိုင်း-၃)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၃။ "ရွှာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၂၁) -ချစ်မိမိုက်မှား (ကျော်ဇေသော်၊ ဝင်းသပြေထွန်း၊ ဦးမင်းခိုင်နှင့် သရုပ်ဆောင်များ)
၆း၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၁၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၂။ သံစဉ်များနှင့်ကမ္ဘာ
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၅)**
၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၁၁၄ | ၀. ၀၃၂၅၆ |
| တရုတ် (ယွမ်) | ၆. ၃၅၃၀၇ | ၀. ၁၅၇၄၀ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၄၀၀ | ၀. ၀၂၀၃၉ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၂၅၀ | ၀. ၃၁၈၂၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၂၄၆ | ၀. ၇၈၅၈၈ |
| ဂျပန် (ယန်း) | ၇၈. ၀၂၂၉ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၇. ၅၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၂၃၅၇ | ၁. ၃၈၂၀၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၄၂၇ | ၁. ၆၀၁၈၆ |

**အင်တာနက်။**

## စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်စီးပွားရေးတက္ကသိုလ် ရွှေရတုအကြို (၄၇)နှစ်မြောက် (Founders' Day) အထိမ်းအမှတ်နှင့် (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)၌ ကျင်းပမည်ဖြစ်ရာ စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ဒီဂရီ၊ ဒီပလိုမာလက်မှတ်ရ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် စီးပွားရေးပညာမျိုးဆက်သစ်များအားလုံး ပါဝင်တက်ရောက်ရန်နှင့် နိုဝင်ဘာလ၊ ဒီဇင်ဘာလများ၏ အပတ်စဉ် (တနင်္ဂနွေနေ့တိုင်း) ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ ဘွဲ့ရနှစ်အလိုက် ကိုယ်စားလှယ်များ တက်ရောက်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(ကြေးမုံ)

## ဆိုမာလီနိုင်ငံတွင် ပင်လယ်ဓားပြများလက်မှ လွတ်မြောက်လာသည့် မြန်မာသင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

**၂၀၁၀ ခုနှစ် ဧပြီလတွင် ဆိုမာလီယာပင်လယ်ဓားပြများက ဖမ်းဆီးခဲ့သည့် ထိုင်းနိုင်ငံရှိ P.T. INTERFISHERY CO.,LTD. ပိုင် P.V. Prantalay 12 အမည်ရှိ သင်္ဘော၌ အလုပ်လုပ်ကိုင်သည့် မြန်မာသင်္ဘောသားများသည် ၂၀၁၁ ခုနှစ် မေလတွင် ပင်လယ်ဓားပြများလက်မှ ဆိုမာလီနိုင်ငံတွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။**

အဆိုပါ မြန်မာသင်္ဘောသားများ မြန်မာနိုင်ငံသို့ စနစ်တကျ အဆင်ပြေချောမွေ့စွာ ပြန်လာနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံး၊ နယူးယောက်မြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့နှင့် ရန်ကုန်မြို့ အခြေစိုက် IOM (International Organization for Migration)ရုံး၊ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့နှင့် ဆိုမာလီယာနိုင်ငံ အခြေစိုက် IOM (International Organization for Migration)ရုံး၊ UNPOS (United Nations of Political Office on Somalia) တို့မှ တာဝန်ရှိသူများ၊ ထိုင်းသင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာသင်္ဘောသားများ မြန်မာနိုင်ငံသို့ ချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကောင်စစ်အရာရှိတစ်ဦးအား အထူးတာဝန် သတ်မှတ်ပေးအပ်ကာ ထိုင်းနိုင်ငံမှတစ်ဆင့် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့အထိ သွားရောက်ခေါ်ဆောင်စေခဲ့သည်။

အဆိုပါ မြန်မာသင်္ဘောသား ၁၃ ဦးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကောင်စစ်အရာရှိ ဦးချစ်ဝင်း လိုက်ပါလျက် ၁-၁၁-၂၀၁၁ ရက်တွင် နိုင်ရိုဘီမြို့မှ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ယင်းနေ့တွင်ပင် ဗန်ကောက်-ရန်ကုန်လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ ည ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။ ဆက်လက်၍ အဆိုပါ မြန်မာသင်္ဘောသားများ ၎င်းတို့၏ နေရပ်ဒေသများသို့ ချောမွေ့စွာ ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးက ပြည်တွင်းမှာသာမက ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အကျိုးကိုလည်း အစဉ်အမြဲကာကွယ်စောင့်ရှောက်ပေးရမည်ဟူသော လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံရုံးများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ပြည်တွင်း/ပြည်ပမှ ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း လိုအပ်လျှင်လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက် ပြည်ပရှိ မြန်မာနိုင်ငံသားများ အရေးကိစ္စကို အထူးအလေးပေး အားထုတ်ကြိုးပမ်းစီမံဆောင်ရွက် ကူညီပေးနိုင်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)



**ဆိုမာလီယာ ပင်လယ်ဓားပြများလက်မှ လွတ်မြောက်လာသည့် မြန်မာသင်္ဘောသားများကို တွေ့ရစဉ်။**

(သတင်းစဉ်)



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကင်းကလေးဆေးရုံကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ ခုတင် (၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီးသို့ သွားရောက်ပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ ဆေးကုသဆောင် (၁)၊ မွေးကင်းစကလေးဆေးကုသဆောင်၊ အထူးကြပ်မတ်ကုသဌာန၊ ခွဲစိတ်ခန်းမကြီး၊ ခွဲစိတ်ဆောင်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ **(ဓါတ်ပုံ)** ဆေးရုံအုပ်ကြီး ဒေါက်တာလဲ့လဲ့မူသိင်္ဂီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

# မြန်မာ့မီးရထား၏ လူစီးလက်မှတ်ခနှင့် ကုန်တင်ဆောင်ခနှုန်းထားများ တိုးမြှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာ့မီးရထား၏ လက်ရှိရထားလက်မှတ်ခ နှုန်းထားများသည် ဒီဇယ်ဆီတစ်ဂါလန် ငွေကျပ် ၁၆၀ ရှိချိန်က သတ်မှတ်ခဲ့သော နှုန်းထားများဖြစ်ရာ ယခုဒီဇယ်ဆီ တစ်ဂါလန် ငွေကျပ် ၃၀၀၀ ခန့်ဖြစ်လာပြီး ဒီဇယ်ဆီဈေး ယခင်ထက် ၁၉ ဆခန့် တိုးမြှင့်လာသော်လည်း ရထားလက်မှတ်ခနှုန်းထားများကို ပြင်ဆင်ခြင်းမပြုဘဲ ပြေးဆွဲရသဖြင့် နိုင်ငံတော်ဘဏ္ဍာမှ ငွေကြေးပမာဏ ကြီးမားစွာ စိုက်ထုတ်နေရသည်။

ထို့ကြောင့် အရှုံးကာမိပြီး ရထားဝန်ဆောင်မှုနှင့် ရထားလမ်းများကိုပါ အဆင့်မြှင့်တင်နိုင်စေရန်အတွက် ၁၅-၁၁-၂၀၁၁ ရက်မှစတင်၍ လော်ကယ်/စာပို့ရထားများ၏ ရိုးရိုးတန်းနှုန်းထားကို (၁)မိုင် ၃ ကျပ်နှုန်းမှ ၉ ကျပ်နှုန်းသို့ လည်းကောင်း၊ အမြန်ရထားများ၏ ရိုးရိုးတန်းနှုန်းထားကို (၁)မိုင် ၄ ကျပ်နှုန်းမှ ၁၂ ကျပ်နှုန်းသို့ လည်းကောင်း အသီးသီး တိုးမြှင့်သွားမည်ဖြစ်သည်။ ထို့အတူ ပထမတန်း၊ အထက်တန်းထိုင်ခုံ၊ အထက်တန်း အိပ်စင်များ၏ နှုန်းထားများနှင့် ကုန်တန်ဆာခများကိုလည်း အချိုးကျတိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ရထားလက်မှတ်ခနှင့် ကုန်တင်ခနှုန်းထားသစ်များကို ဘူတာရုံအသီးသီးနှင့် ကုန်ရုံများတွင် ၇-၁၁-၂၀၁၁ ရက်မှ စတင်၍ ကြေညာပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ် ဖော်ဆောင်အောင်မြင်မှုများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တိုးတက်မှုများ၊ အလုပ်သမားဥပဒေရေးဆွဲနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်ကိုယ်စားလှယ်အဖွဲ့တွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael H. Posner၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှု ဝန်ထမ်း၊ ကယ် ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန် ကြီး ဦးအောင်ကြည်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံ ဆိုင်ရာအထူး ကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြို့ဟောင်း-မြစ်ကြီးနားလမ်းပိုင်းနှင့် ရွာထောင်-မြစ်ကြီးနားလမ်းပိုင်းတို့တွင် ရထားဖြင့် ကုန်တင်ပို့လိုသူများအား အသိပေးခြင်း

**နေပြည်တော် နိုဝင်ဘာ ၃**

မြို့ဟောင်းမှ မြစ်ကြီးနားလမ်းပိုင်းသို့ လည်းကောင်း၊ ရွာထောင်မှ မြစ်ကြီးနားလမ်းပိုင်းသို့ လည်းကောင်း မြန်မာ့မီးရထားမှ ပြေးဆွဲလျက်ရှိသည့် ကုန်ရထားများတွင် မြန်မာ့မီးရထားသို့ စပေါ်ငွေတင်သွင်းပြီး တစ်နှစ်ပတ်လုံး ကုန်ပစ္စည်းတင်ဆောင်လိုသူများသည် မန္တလေးဘူတာကြီး စတုတ္ထထပ်ရှိ မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ်(၃)တိုင်း-မန္တလေးရုံး၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ပြုလုပ်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဆိုပါနေ့၌ စပေါ်ငွေ ပေးသွင်းရမည့် ပုံစံများ တင်သွင်းဆောင်ရွက်နိုင်ကြောင်း မြန်မာ့မီးရထားက အသိပေးကြေညာထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ကမ္ဘောဇဘဏ်လီမိတက်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားငွေ ရောင်းဝယ်ရေးကောင်တာများ ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များသို့ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချခွင့် လိုင်စင်များအား ဥပဒေ၊ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ထုတ်ပေးလျက်ရှိရာ ကမ္ဘောဇဘဏ်လီမိတက်မှလည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများကို ဖွင့်လှစ်ခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်နှင့် ပြည်ပထွက်ခွာ)တို့တွင် Kanbawza Bank Currency Exchange Counter နှစ်ခုကို ထပ်မံဖွင့်လှစ်လိုက်သည်။ **(အောက်ပုံ)**

ကမ္ဘောဇဘဏ်လီမိတက်မှ အောက်တိုဘာ ၁ ရက်တွင် အမှတ် (၉၉/၁၀၃) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ အောက်တိုဘာ ၂၄ ရက်တွင် ဘဏ်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့နှင့် ကမ္ဘောဇဘဏ်ခွဲ (၄) အမှတ် (၂၃) ခင်စောမူကွေ့ မန္တလေးမြို့တွင် လည်းကောင်း နိုင်ငံခြားငွေရောင်းဝယ်ရေးကောင်တာများကို ဖွင့်လှစ်၍ နိုင်ငံခြားငွေများကို ဝယ်ယူရောင်းချပေးလျက် ရှိကြောင်း သိရသည်။ (ကြေးမုံ)

# အစားထိုးတင်သွင်းယာဉ်များ မှတ်ပုံတင်ခြင်း စတင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ယာဉ်ပိုင်ရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းပြီး အစားထိုးယာဉ်တင်သွင်းခြင်းလုပ်ငန်းများကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက စက်တင်ဘာ ၁၉ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တင်သွင်းလာသည့်ယာဉ်များ စတင်ရောက်ရှိနေပြီဖြစ်ပြီး ဖျက်သိမ်းအပ်နှံပြီးယာဉ် ဆ/ ၁၆၉၅ နှင့် ဇ/၈၆၀၉ ဂျစ်ယာဉ်များအတွက် အစားထိုးဝင်ရောက်လာသည့် Nissan Cefiro နှင့် Honda Odyssey ဆလွန်းယာဉ်နှစ်စီးကို နိုဝင်ဘာ ၃ ရက်တွင် ၆ဂ/၅၆၉၈ နှင့် ၆ဂ/၅၆၉၉ ဟု သတ်မှတ်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မှတ်ပုံတင် စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ဂျစ်ယာဉ်ဖျက်သိမ်းအပ်နှံခဲ့သဖြင့် အစားထိုးဝင်ရောက်လာသည့်** Honda Odyssey **ယာဉ်အသစ်ကို တွေ့ရစဉ်။** (သတင်းစဉ်)





# ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၄၃)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဦးဝမ်းကြည် (ရဲအောင်လံ ခရီးသည်ပို့ဆောင်ရေး) ၏ အဓိကပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၁၇ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေ ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက် (သောကြာနေ့) နံနက်ပိုင်းတွင် လေယာဉ်ဖြင့် ထွက်ခွာကာ ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) ညနေတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ အသင်းသားများ လိုက်ပါယှဉ်ပြိုင်ကြရန်နှင့် လေယာဉ်လက်မှတ် စီစဉ်နိုင်ရန် နိုဝင်ဘာ ၁၂ ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန်နှင့် ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# SSA (ရှက်ဆစ်) အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟိုပုန်းမြို့နယ် ယုတ်ရွာကျေးရွာနေ ခွန်ရွှေအိုး(၄၃)နှစ်သည် ထင်းခုတ်ရန် ရွာမှထွက်လာစဉ် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီခန့်က ရွာ၏တောင်ဘက် တစ်မိုင်ခန့်အကွာ၌ SSA (ရှက်ဆစ်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဘယ်ခြေသန်းရိုးကျိုး ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူတို့က ဟိုပုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ယခုလွှတ်တော်၌ ပြောဆိုဆွေးနွေးမှုများသည်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို နည်းလမ်းမှန်ကန်စွာ လေးစားလိုက်နာကြရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေကြသည်ဟု မှတ်ယူပါကြောင်း၊ ယခုလွှတ်တော်အတွင်း ဖြစ်စဉ်ဖြစ်ရပ်များသည် တစ်ဦးတစ်ယောက်၏ဂုဏ်သိက္ခာ၊ လွှတ်တော်များ၏ ဂုဏ်သိက္ခာနိမ့်ကျရေးအတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ လွှတ်တော်များ၏ ဂုဏ်သိက္ခာ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ဂုဏ်သိက္ခာ၊ လွှတ်တော် နာယကနှင့် ဥက္ကဋ္ဌများ၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဆောင်ရွက်နေသည်ဟု ယူဆရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကိုပြန်ကြည့်လျှင် အထက်တွင် တင်ပြခဲ့သည့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းဆောင်ရွက်ခြင်းကို မိမိတို့နိုင်ငံတွင် အမှန်တကယ် ကျင့်သုံးလျက်ရှိပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာ မဆောင်ရွက်နိုင်သေးဘူးဟု အခြားသောအဖွဲ့အစည်းများက မည်သို့ပင်ပြောစေကာမူ မိမိတို့လွှတ်တော်၌ ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးနိုင်သည့် အခွင့်အလမ်းများရှိနေသည်ဆိုခြင်းကို ကြည့်မြင်ခြင်းအားဖြင့် လွှတ်တော်၏ဂုဏ်သိက္ခာသည်လည်း မြင့်မားနေမည်ဖြစ်ပါကြောင်း။

**ထို့ကြောင့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောဆိုဆွေးနွေးဆောင်ရွက်နေမှုများသည် ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ယုံကြည်သည်နှင့်အညီ မိမိတို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်သွားရန်သာရှိပါကြောင်း၊ ၎င်းအပေါ် မူတည်၍ အချို့အဓိပ္ပာယ်ကောက်မှားပြီး ပြောဆိုနေမှုများရှိပါကလည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သဘောထားကွဲနေပြီဆိုသည့်နေရာတွင် အမြင်မတူညီခြင်းရှိကောင်းရှိနိုင်မည်ကို သိရှိရန်လိုအပ်ပါကြောင်း၊ သို့ရာတွင် ရန်ဖြစ်နေခြင်းမဟုတ်သည်ကိုလည်း အားလုံးနားလည်ရန်လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးတစ်ဦးလည်းရှိသည့်အတွက် လွှတ်တော်အတွင်း ယခုကဲ့သို့ စေတနာဆန္ဒနှင့် လုပ်ဆောင်နေသည်ကို ပြည်ထောင်စုအစိုးရ၏ကိုယ်စား ကြားသိနိုင်မည်ဖြစ်ပါကြောင်း** ဖြင့် ပြောကြားသည်။

**အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍ** တွင် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက **ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေး၊ စစ်ဒဏ်မှတိမ်းရှောင်နေရသော ပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်အခြေပြု ရောက်ရှိနေထိုင်ရေးနှင့် ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည်ဖော်ပေးရေးအတွက် ဤလွှတ်တော်ကတိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာတွင် ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများအား ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းအသီးသီး၊ ပါတီပေါင်းစုံနှင့် သီးသန့်အလှူရှင်များက ကူညီထောက်ပံ့မှုများစွာကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် လတ်တလောအနေဖြင့် အဆင်ပြေမှုရှိနိုင်သော်လည်း ရေရှည်အတွက်အခက်အခဲများစွာကြုံနိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေကြသော သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ ဖျားနာခြင်းများနှင့် တွေ့ကြုံနေကြရပါကြောင်း၊ သို့ဖြစ်၍ ၎င်းတို့အနေဖြင့် မိမိနေအိမ်များသို့ ပြန်လည်ရောက်ရှိ နေထိုင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် အထူးပင်လိုအပ်လှပါကြောင်း။

လက်ရှိအခြေအနေထက် ပိုမိုဆိုးရွားသော ပဋိပက္ခများမပေါ်ပေါက်မီ နှစ်ဖက်အပစ်အခတ်လုံးဝရပ်စဲကာ တွေ့ဆုံဆွေးနွေးမှုများကို အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ နှစ်ဦးနှစ်ဖက်အပြန်အလှန်ယုံကြည်မှုကို အခိုင်အမာတည်ဆောက်ပြီး ညှိနှိုင်းဆွေးနွေးရန်လည်းလိုပါကြောင်း၊ အပြန်အလှန်ယုံကြည်မှုရှိမှ အပစ်အခတ်ရပ်စဲနိုင်မည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲနိုင်မှ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းနိုင်မည်ဖြစ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ပါက



**တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ ဆွေးနွေးစဉ်။**
(သတင်းစဉ်)



**မိုင်းခတ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော် ဆွေးနွေးစဉ်။**
(သတင်းစဉ်)

ထာဝရငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်တာများကို အောင်မြင်အောင်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်းဖြင့်တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၊ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၊ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်၊ ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်နှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်တို့က ဆွေးနွေးကြရာတွင် ဒီမိုကရေစီနိုင်ငံတော်ကြီးအတွင်း တည်ငြိမ်အေးချမ်းသောဘဝကို ရယူလိုသောဆန္ဒသည် ပြည်သူများလိုလားသောဆန္ဒပင်ဖြစ်ပါကြောင်း၊ KIO/KIA ညီနောင်များအနေဖြင့် ကချင်ပြည်နယ် ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် နိုင်ငံတော်က လက်ကမ်းကြိုဆိုလျက်ရှိသော ငြိမ်းချမ်းရေးလမ်းစဉ်ကိုလက်ခံပြီး ဆွေးနွေးပွဲစားပွဲသို့ လာရောက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး အခွန့်ရှည်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မဖြစ်မနေဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို အလေးအနက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ဒေါ်ဒွဲဘူ၏အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ပြည်ထောင်စုအစိုးရသည် ပြည်သူလူထု၏ အကျိုးစီးပွားကို ထာဝရ ဦးထိပ်ပန်ဆင်သည့်သဘောထားကို မြဲမြံစွာခံယူထားပါကြောင်း၊ ပြည်သူတို့၏အသက် အိုးအိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာပြီးဖွံ့ဖြိုးတိုးတက်ရေးတို့သည် မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်သော ထာဝရရည်မှန်းချက်များပင်ဖြစ်ပါကြောင်း၊ ပြည်သူအများလိုလားတောင့်တသည့် နိုင်ငံရေး၏အနှစ်သာရသည်လည်း ငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေဖြစ်ထွန်းမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဒီမိုကရေစီထွန်းကားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းဆီသို့ ဆောင်ကြဉ်းနိုင်မည်ဟုလည်း လေးနက်စွာ ခံယူထားပါကြောင်း။

ငြိမ်းချမ်းရေးကို ဖျက်ဆီးသည့်အရာသည် လက်နက်ကိုင်လမ်းစဉ်ပင်ဖြစ်ပါကြောင်း၊ အတိတ်မှ အကြောင်းဖြစ်ရပ်အမျိုးမျိုးကြောင့်ပေါ်ပေါက်ခဲ့သော နိုင်ငံရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့်ဖြေရှင်းမှုသည် မိမိတို့နိုင်ငံ၏ အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ဖြစ်တည်နေဆဲဖြစ်ပါကြောင်း၊ ယနေ့ကာလတွင် မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်နှစ်ရပ်ပေါ်ထွန်းပြီးဖြစ်သည့်အားလျော်စွာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာအရပ်ရပ်ကို ပြည်သူ့ကိုယ်စားလှယ်အသီးသီးက ပြည်သူလူထုအား ကိုယ်စားပြုလျက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွှတ်တော်များတွင်မျက်နှာစုံညီ ညှိနှိုင်းအဖြေရှာ၍ ဥပဒေပြုကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို ပကတိအမှန်တရားအဖြစ် တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်



**ရှင်းလင်းဆွေးနွေး**

**နယ်စပ်ရေးရာဝန် ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ရှင်းလင်းဆွေးနွေးစဉ်။**
(သတင်းစဉ်)

နိုင်ငံရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းရမည့်အခြေအနေမဟုတ်တော့သည်ကို အလေးအနက်ခံယူရန် လိုအပ်မည်ဖြစ်ပါကြောင်း။

တပ်မတော်အစိုးရလက်ထက်တွင် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် အစီအစဉ်များကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ဒေသခံပြည်သူလူထုတစ်ရပ်လုံးကပါ ငြိမ်းချမ်းရေး၏အနှစ်သာရဖြစ်သော တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့သည့်သာဓကများကိုလည်း လက်တွေ့ခံစားတွေ့မြင်ခဲ့ရပြီးဖြစ်ပါကြောင်း။

**ပြည်ထောင်စုအစိုးရအနေဖြင့် မြန်မာ့တပ်မတော်နှင့် KIA တို့၏ ၉-၆-၂၀၁၁ ရက်မှ စတင်ဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ့တပ်မတော်သည်လည်း ငြိမ်းချမ်းရေးကို ရှေးရှုလျက် ၁၈-၆-၂၀၁၁ရက် ညနေ ၆ နာရီမှ စတင်၍ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး KIA၊ KIO အဖွဲ့များနှင့်ဆွေးနွေးကာ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်နှင့် ထိုမှတစ်ဆင့် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ တစ်နည်းအားဖြင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်သွားရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။**

ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုအဖွဲ့သည် ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်မှ ဩဂုတ် ၂၄ ရက် အထိ တွေ့ဆုံဆွေးနွေးမှု(၃)ကြိမ်နှင့်စာဖြင့်အပြန်အလှန် ဆက်သွယ်မှု(၂၁)ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ KIO အဖွဲ့၏လိုလားချက်၊ တောင်းဆိုချက်အားလုံးကိုလည်း ပြည်ထောင်စုအစိုးရက ငြိမ်းချမ်းရေးကို ရှေးရှုလျက် အစွမ်းကုန်လိုက်လျောပေးခဲ့ခြင်းဖြင့် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေး သဘောတူညီချက် မူကြမ်းကို အပြီးသတ်နိုင်ခဲ့ပါကြောင်း၊ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပမည့်အစီအစဉ်များ တက်ရောက်ကြမည့် မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ လူထုလူတန်းစားအသီးသီး၏ အကြီးအကဲများကိုပင် ဖိတ်ကြားရန် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ယင်းအခြေအနေတွင် KIO၊ KIA အဖွဲ့အနေဖြင့် နိုင်ငံရေးမျှော်လင့်ချက်ကို တစ်ဆင့်တိုးမြှင့်လျက် UNFC ကဦးဆောင်ပြီး ငြိမ်းချမ်းရေးကိုဆောင်ရွက်ရန် သဘောထားကိုအကြောင်းပြကာ သဘောတူညီချက်လက်မှတ်ရေးထိုးရေးကိစ္စကို ဆိုင်းငံ့ခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း KIA အဖွဲ့အနေဖြင့် ၂-၈-၂၀၁၁ ရက်တွင် အပြစ်မဲ့ပြည်သူ(၇)ဦးကို အကြောင်းမဲ့ပစ်ခတ်ခဲ့ခြင်းနှင့် ဗန်းမော်-မြစ်ကြီးနားကားလမ်းကိုပိတ်ဆို့ရန် ရည်ရွယ်ချက်ဖြင့် စစ်ရေးဆောင်ရွက်မှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကျိုးစီးပွားကို ဦးထိပ်ထား၍ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသဘောထားကို ပြောင်းလဲခြင်း မရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းလိုသည့်သဘောထားအလျဉ်းမရှိဘဲ မှန်ကန်သည့်စေတနာ၊ မြော်မြင်သည့်အသိ၊ နားလည်စာနာသည့်စိတ်ထားများဖြင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်အောင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လိုသည့်သဘောထားကိုသာ ခံယူလက်ခံထားရှိပါကြောင်း၊ အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းခြင်းမပြုကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးအတွက် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြေညာချက်အမှတ်(၁/၂၀၁၁) ဖြင့် ထုတ်ပြန်ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်းကမ်းလှမ်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအနေဖြင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် 'ဝ'၊ ရှမ်း၊ ကရင်၊ မွန်အဖွဲ့များနှင့် ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆွေးနွေးပွဲများဆောင်ရွက်ပြီး နှစ်ဖက်အပစ်အခတ် ရပ်စဲရေး၊ နှစ်ဖက်သောလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖက်ထိန်းသိမ်းထားသောနယ်မြေအတွင်း သွားလာလိုပါက ကြိုတင်ခွင့်ပြုချက်ရယူရေး၊ စစ်အင်အားတိုးချဲ့ခြင်းနှင့်စစ်ရေးလှုပ်ရှားမှုများ မပြုလုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရေးစသည့် ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါကြောင်း။

ပဏာမသဘောတူညီချက်ရရှိပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ပြည်ထောင်စုအတွင်းမှခွဲထွက်ခြင်းမပြုရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရေး၊ နှစ်ဖက်ဆက်ဆံရေးရုံးများဖွင့်လှစ်ကာ ပုံမှန်ဆက်ဆံမှုပြုလုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ရရှိရေး၊ အထောက်အကူပြုနိုင်ငံ့ဝန်ထမ်းများ စေလွှတ်ပေးရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်သွားရေးတို့ကိုအဓိကညှိနှိုင်းခဲ့ရာ ယခုအခါတွင် 'ဝ'အထူးဒေသ(၂)၊ မိုင်းလားအထူးဒေသ(၄)အဖွဲ့များနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးပဏာမသဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးဆိုသည်မှာ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်နေထိုင်ရေးပင်ဖြစ်သည်ကို ပကတိအမှန်တရားအရ ခံယူရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်မည်ဆိုပါက လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန် လိုအပ်သည်မှာလည်း ရှောင်လွှဲ၍မရသောဖြစ်စဉ်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများအကြား လက်နက်ကိုင် ဖြေရှင်းမှုဖြင့် ငြိမ်းချမ်းရေးရနိုင်မည်မဟုတ်သည်ကို လွတ်လပ်ရေးရရှိခဲ့ပြီးနောက် နှစ်ပေါင်း(၆၀)ကျော်ကာလက သက်သေပြခဲ့ပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံအနေဖြင့်အစားထိုး၍မရနိုင်သည့် ဆုံးရှုံးမှုများကို အတိတ်သင်ခန်းစာများအဖြစ် ခံစားခဲ့ရပြီးဖြစ်ပါကြောင်း၊ ယင်းအမွေဆိုးများကို မိမိတို့၏အနာဂတ်မျိုးဆက်သစ်များအား ဆက်လက် လက်ဆင့်ကမ်းပေးခြင်းမဖြစ်သင့်သည်ကို ကြီးမားသော သတိတရားဖြင့်ရှုမြင်ဆင်ခြင်အပ်ပါကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်မည်ဆိုပါက တိုင်းရင်းသား ညီအစ်ကိုများ၏လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်နှင့်အစိုးရက အပြည့်အဝတာဝန်ယူပေးရမည်မှာ ဧကန်မလွဲပင်ဖြစ်ပါကြောင်း။**

ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်မြေလုံခြုံမှုရှိသော ဒေသများသို့ ရွှေ့ပြောင်းရောက်ရှိလာကြသော အိမ်ထောင်စု(၁၃၉၇)စုမှ လူဦးရေ(၅၅၈၀)အတွက် ၂၀၁၁ ခုနှစ် ဇွန်လမှ စက်တင်ဘာအထိ ကယ်ဆယ်ရေးစခန်း(၃၈)ခု ဖွင့်လှစ်ပြီး စားသောက်နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ထောက်ပံ့ကူညီပေးခဲ့ပါကြောင်း၊ ငွေကျပ်(၃၈၃၁၀၄၀၀)နှင့် တန်ဖိုးငွေကျပ်(၉၃၇၈၇၈၈၆)ရှိ ပစ္စည်းများကို ပထမအကြိမ်ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့ပြင် UN အဖွဲ့အစည်းများ၊ INGO၊ NGO အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီးနောက် စက်တင်ဘာ ၂၀ ရက်မှစပြီး WFP က ဆန်(၁၅၀၇)အိတ်၊ ကုလားပဲ(၆၂၄၈)ပိဿာ၊ ဆီ(၃၁၉၃)ပိဿာ၊ ဆားပိဿာ (၅၂၀)တို့ကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ရေနှင့်သန့်ရှင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစားအစာ၊ အမိုးအကာအစရှိသည်များကို ကူညီထောက်ပံ့ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**နယ်စပ်ဒေသများ၏တည်ငြိမ်ရေး၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတို့သည် ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် များစွာဆက်စပ်တည်မှီလျက်ရှိသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နိုင်ရန်အတွက် အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ် အဓိကအရေးကြီးသော လိုအပ်ချက်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းသားအဖွဲ့အစည်းများသည် လူမျိုးစွဲ၊ ဒေသစွဲ အယူအဆများကို စွန့်လွှတ်လျက် တစ်ဦးနှင့်တစ်ဦးနားလည်မှုရယူကာ ပွင့်လင်းစွာဆွေးနွေးတိုင်ပင်၍ ဒေသအကျိုး၊ နိုင်ငံအကျိုး ဆောင်ရွက်သွားကြမှသာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းလာသည်နှင့် အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။**

ပြည်ထောင်စုအစိုးရအနေဖြင့် ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ပြည်သူများ၏ဘဝလုံခြုံစိတ်ချရေး၊ ထာဝရငြိမ်းချမ်းရေးနှင့်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးတို့ကို အလွန်ပင်လိုလားပါကြောင်း၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး ငြိမ်းချမ်းစွာဖြေရှင်းရမည်ဟုလည်း အလေးအနက်ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးတံခါးကိုလည်း အစဉ်အမြဲဖွင့်လှစ်ထားပြီး KIA၊ KIO ဘက်မှ ဆွေးနွေးလာပါက လက်ခံရန်အသင့်ရှိနေကြောင်း၊ နှစ်ဦးနှစ်ဖက်ဆွေးနွေးအဖြေရှာခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

**ယခုဖြစ်ရပ်နှင့်အခြေအနေများကိုသုံးသပ်ပါက ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့တစ်ခုတည်းမှ ဆောင်ရွက်ရုံမျှဖြင့် လုံလောက်မှုမရှိဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး၊ ဒေသခံပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စေတနာအမှန်ဖြင့်ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊** အဆိုတွင်ပါရှိသည့် "ဤလွှတ်တော်က တိုက်တွန်းကြောင်း" စာသားနေရာတွင် "ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား တိုက်တွန်းကြောင်း"ဟု ဖြည့်စွက်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

အဆိုရှင်ဒေါ်ဒွဲဘူ၏အဆိုကို **ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင် ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေး၊ စစ်ဒဏ်မှ တိမ်းရှောင်နေရသော ပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်အခြေပြုရောက်ရှိနေထိုင်ရေးနှင့် ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည်ဖော်ပေးရေးအတွက် ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား တိုက်တွန်းကြောင်း** ဟု ပြင်ဆင်အတည်ပြုပြီး လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် အဆိုအတိုင်း ဝိုင်းဝန်းကူညီအကောင်အထည်ဖော်ပေးရန် တိုက်တွန်းကြောင်း ဆုံးဖြတ်သည်။

**ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းကဏ္ဍ**တွင် အောက်တိုဘာ ၂၇ ရက်တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့လာသည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးပြီးလွှတ်တော်၏အဆုံးအဖြတ်ရယူရာ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များဖြစ်သည့် အခန်း(၁) အပိုဒ် ၂၊ အပိုဒ်ခွဲ(က၊ ခ၊ ဂ၊ ဃ၊ င)၊ အခန်း(၂)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(က၊ ခ)၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)တို့နှင့်စပ်လျဉ်း၍ ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေများသည့်အတွက် ယင်းပြင်ဆင်ချက်များအား သဘောမတူကြောင်းနှင့် အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ည)နှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

အဆိုပါဥပဒေကြမ်းကို စက်တင်ဘာ၁၄ ရက်တွင် ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးအတည်ပြု၍ အမျိုးသားလွှတ်တော်သို့ စက်တင်ဘာ ၁၉ ရက်တွင် ပေးပို့ခဲ့ကြောင်းသိရသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❑

## မြန်မာနိုင်ငံ ပြန်တမ်း

**နေပြည်တော် နိုဝင်ဘာ ၃**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❏ စာမျက်နှာ ၄ မှ

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း**နှင့် အောက်တိုဘာ (၂၈)ရက်တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအား နိုဝင်ဘာ(၄)ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦးက လက်မှတ်ရေးထိုး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ စာတစ်စောင်ရေးသားတင်ပြထားကြောင်းသိရပြီး ယင်းစာတွင် နိုင်ငံတော်သမ္မတ၏ မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသသို့သွားရောက်သည့် ခရီးစဉ်တွင် ရေဘေးသင့်ပြည်သူများအပေါ် စာနာထောက်ထားသည့်အနေဖြင့် အခက်အခဲများအတွက် ဆောင်ရွက်ပေးနိုင်ရန် သဘောတူဆုံးဖြတ်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ တစ်ရက်စာနေ့တွက်စရိတ်စုပေါင်း၍ ငွေကျပ် (၃၉ ဒသမ ၅)သိန်း ကူညီလှူဒါန်းခဲ့သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အထူးဝမ်းမြောက်စွာ ထောက်ခံကြပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အမြော်အမြင်ကြီးမားမှုနှင့်စေတနာကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏အရေးပေါ်လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ကူညီနိုင်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် စည်းလုံးညီညွတ်မှုကိုပြသနိုင်ခြင်းအား များစွာဂုဏ်ယူကြရပါကြောင်း၊ ဩဂုတ် ၁၇ ရက်တွင် မမျှော်လင့်ဘဲကွယ်လွန်သွားသော ပဲခူးတိုင်းဒေသကြီး ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင်အတွက်လည်း အထူးဝမ်းနည်းစွာ စိတ်မကောင်းဖြစ်ကြရပါကြောင်း၊ ဦးဝင်းတင်၏ ကွယ်လွန်ပြီးချိန်မှစ၍ လွှတ်တော်သက်တမ်းအတွင်း ကိုယ်စားလှယ်တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက ပြည်သူ့လွှတ်တော်က လူမှုရေးကူညီထောက်ပံ့ပေးနိုင်ရန် တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းကာကူညီကြရန် သဘောတူခဲ့ပါကြောင်း။

ဤကဲ့သို့ စုပေါင်းထောက်ပံ့ကူညီပေးမှုကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ စာနာမှုကရုဏာတရားကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ မေတ္တာတရားကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ ဂုဏ်သတင်းကိုလည်းကောင်း ပြည်သူများအတွင်း၌ ပိုမိုထင်ရှားလင်းလက်တောက်ပြောင်စေသည်မှာ အထင်အရှားပင် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယင်းကိစ္စမျိုးပေါ်ပေါက်လာပါက ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့် ကျန်ရစ်သူမိသားစုများထံသို့ ပေးပို့ကူညီရာတွင် ပြည်သူ့လွှတ်တော်၏ ဝမ်းနည်းကြောင်းသဝဏ်လွှာနှင့်အတူ ပေးပို့ကူညီနိုင်ပါရန် တညီတညွတ်တည်းသဘောတူ တင်ပြအပ်ပါကြောင်းဖြင့် ပါရှိကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို နိုဝင်ဘာ(၄)ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃**

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr.Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဗိုလ်မှူးကြီး အောင်သော်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr.Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ AAET မှ President နှင့်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ASEAN Academy of Engineering & Technology (AAET)မှ President-Datuk Hong Lee Pee နှင့် အဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ဓာတ်ပုံ)**

### ဆွေးနွေး

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် AAET တို့အကြား အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။**(ဓာတ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်တွေ့ဆုံသည်။

(သတင်းစဉ်)

## (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများအပေါ် အားနည်းချက်အားသာချက်များကို ဆွေးနွေးညှိနှိုင်းမည့် မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ(The 37th ASEAN-Japan Business Meeting - AJBM) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Ballroom ၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ ပေးပို့သော သဝဏ်လွှာကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖတ်ကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Takashi SAITO က ဖတ်ကြားသည်။

ယင်းနောက် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌ TAKEDA PHARMACEUTICAL COMPANY LIMITED, President & Chief Executive Officer, Mr. Yasuchika Hasegawa နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်တို့က ဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကြသည်။



**(၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲတွင် ဆွေးနွေးပွဲ ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ဆွေးနွေးပွဲ နံနက်ပိုင်းအစီအစဉ်တွင် ထိုင်းနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့မှ စီးပွားရေးလုပ်ငန်းရှင်များက "Security and risk management as a basis for sustainable growth"ကို လည်းကောင်း၊ မွန်းလွဲပိုင်း အစီအစဉ်တွင် ထိုင်းနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဂျပန်နိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက "Future energy architecture & cooperation in Asia" ကိုလည်းကောင်း၊ ညနေပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက "Human resource development, exchange and management ကို လည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါ အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပြသသည့် မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲ

## သောင်းဝင်း (ယဉ်ကျေးမှု)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်တို့အကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ အမျိုးသားပြတိုက် (ရန်ကုန်)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်တို့အကြား ပြတိုက်လုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)၊ အမျိုးသားပြတိုက် (နေပြည်တော်)နှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ ကမ္ဘာအေး ဗုဒ္ဓယဉ်ကျေးမှုပြတိုက်များရှိ ခေတ်အဆက်ဆက်မှ ဗုဒ္ဓရုပ်ပွားတော်အဆူ (၅၀)အပါအဝင် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာပစ္စည်း အရေအတွက် စုစုပေါင်း ၉၀ ကျော်ကို မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာဝင်ရောက်လာပုံပြကွက်၊ မြန်မာနိုင်ငံရှိ ရှေးဟောင်းဘုရားပုထိုး၊ စေတီ၊ ဘုန်းကြီးကျောင်းစသည့် သာသနိကအဆောက်အအုံများပြကွက်၊ ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်များပြကွက်၊ မြန်မာ့ဘုရားစင်ပြကွက်၊ ဗုဒ္ဓဘာသာနှင့်ဆက်နွှယ်သော မြန်မာ့ရိုးရာဘာသာရေးပွဲတော်များပြကွက်၊ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများပြကွက်နှင့် ဗုဒ္ဓဘာသာသာသနာတော် ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ချက်များ ပြကွက်စသည်ဖြင့် ပြကွက်စုစုပေါင်း ခုနစ်ခုခွဲခြားကာ နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်၌ ၁၈-၁၀-၂၀၁၁ ရက် နံနက် ၁၀ နာရီတွင် မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲကို ပြည်ပနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နန်နင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ အမျိုးသားပြတိုက် (ရန်ကုန်)ညွှန်ကြားရေးမှူး ဦးဆောင်သော ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက် ညွှန်ကြားရေးမှူးနှင့်အရာထမ်း အမှုထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် နှစ်ဖက်ဦးစီးဦးဆောင်ပြုသူများက အမှာစကားပြောကြားခဲ့ကြပြီး ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

၁၉-၁၀-၂၀၁၁ ရက်တွင် အဆိုပါ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်၌ China- ASEAN Dialogue ဆွေးနွေးဖက် အနှစ် (၂၀)မြောက် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သော 2011-China- ASEAN Cultural Industry Forum သို့ တက်ရောက်ကြသည့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ Vice Governor of Guangxi Zhuang Autonomous Region, Ms. Li Kang, Stage Administration of Cultural Heritage ဝန်ကြီး Mr.Shan Jixiang နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက လှည့်လည်ကြည့်ရှုခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။ အဆိုပါပြပွဲကို နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်၌ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ သုံးလကြာခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်တို့၏ သံတမန်ဆက်ဆံရေးသည် နှစ်(၆၀) ကျော်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါကာလများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားလာခဲ့ကြပြီး နှစ်နိုင်ငံအကျိုးကိုစွရပ်များကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ခဲ့ကြပါသည်။ အကျိုးသက်ရောက်မှုတစ်ခုအနေဖြင့် ယခုကျင်းပသည့် မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲသည် ထူးခြားမွန်မြတ်သည့် ပြပွဲဟု ဆိုရပေမည်။ ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံတွင် ထွန်းလင်းတောက်ပမှု အရှိဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာစတင်ရောက်ရှိလာသောအချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ဖြစ်ပါသည်။

ရှေးဟောင်းသုတေသန အထောက်အထားအရ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ ထွန်းကားရာအရပ်မှာ ပျူမြို့တော် သရေခေတ္တရာဖြစ်ပါသည်။ ပျူလူမျိုးများသည် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာဒေသများတွင် အခြေစိုက်နေထိုင်ခဲ့ကြပါသည်။ သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော ရွှေပေချပ်၊ ငွေဗောဓိကြုတ်များ၊ ရွှေဆင်းတု၊ ငွေဆင်းတုနှင့် ရုပ်ကြွအုတ်ခွက်များက သရေခေတ္တရာ၌ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်း သက်သေခံလျက်ရှိပါသည်။ ခရစ်နှစ် (၁၁)ရာစုမှ (၁၃)ရာစုအတွင်း၌ မြန်မာနိုင်ငံတော်ကြီးသည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားခဲ့ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသ ပုဂံမြို့ရှိ ရှေးဟောင်းအမွေအနှစ် စေတီပုထိုးဂူကျောင်းကန်တို့သည် ဗုဒ္ဓသာသနိက အဆောက်အအုံများအဖြစ် ထင်ရှားကျော်ကြားလှပါသည်။ ယခုပြပွဲတွင် ပုဂံခေတ်လက်ရာ ဗုဒ္ဓဆင်းတုတော်များပါဝင်ပြသထားပါသည်။

ရန်ကုန်မြို့တွင် တည်ရှိသည့် ရွှေတိဂုံစေတီတော်ကြီးသည် ကမ္ဘာ့အံ့ချီးဖွယ်တစ်ပါးတွင်ပါဝင်၍ မြန်မာလူမျိုးတို့၏ ဗုဒ္ဓသာသနာတော်ထွန်းကားမှုနှင့် ယဉ်ကျေးမှုပြယုဂ်သဖွယ် ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်ကြီးသည်ပင် ဗုဒ္ဓပြတိုက်ဟု တင်စားခေါ်ဝေါ်နိုင်ပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့ပါသည်။ သင်္ဂါယနာတင်ခြင်းဖြင့် ဗုဒ္ဓသာသနာသန့်ရှင်း၍ အရှည်တည်တံ့စေရန် အားထုတ်ဆောင်ရွက်ခဲ့ကြသည်။ သင်္ဂါယနာဆိုသည်မှာ ကောင်းစွာစုပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပဉ္စမသင်္ဂါယနာတင်ပွဲနှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကိုလည်း မြန်မာနိုင်ငံတွင် ကျင်းပနိုင်ခဲ့ပါသည်။ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ်စသော ခေတ်အဆက်ဆက် လက်ရာများဖြစ်သည့် ဗုဒ္ဓရုပ်ပွားတော်များကို ပင့်ဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစုအမျိုးသားပြတိုက်၌ ပြသခွင့်ရသည့်အတွက် နှစ်နိုင်ငံယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၏ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူခဲ့နိုင်ခြင်းလည်း ဖြစ်ပါသည်။

ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ပြခန်းအလယ်တွင် မတ်ရပ်မှန်ဗီရိုများဖြင့် ခင်းကျင်းပြသထားရာ ဖူးမြော်ရှုမြင်ရသူအဖို့ စိတ်ဝယ်အေးချမ်းသွားကြပါသည်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသမှ စေတီပုထိုးများ၏ မြင်ကွင်းကျယ်ပုံများကို ပြခန်းနံရံတွင် ပြသထားမှုကလည်း ဆွဲဆောင်မှုရှိလှပါသည်။ မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ၊ အမြတ်တနိုးထားရာ မြတ်ရွှေတိဂုံနှင့် စောင်းတန်းတို့၏အလှကို ဖန်တီးတင်ဆက်ထားမှုကလည်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါသည်။ မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲသည် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ထည်ဝါခဲ့ရပါသည်။ ပြပွဲ၏ ပြကွက်ပြည့်စုံမှု၊ အလင်းအမှောင် ဖန်တီးမှု၊ ဒီဇိုင်းအဆင်အပြင်ကောင်းမှု၊ အထောက်အကူပြုပစ္စည်းများ ပြည့်စုံမှု၊ လုံလောက်သော အကျယ်အဝန်းရှိမှု၊ မြန်မာ့ရှေးဟောင်းလက်ရာ တန်ဖိုးမြင့်မားမှု၊ မုဒြာဟန် အမျိုးမျိုးပါဝင်မှုနှင့် အကြောင်းအရာ အချက်အလက် ပြည့်စုံမှုတို့သည် ပြပွဲ၏ အဓိကအားသာချက်များဖြစ်ပါသည်။

ယဉ်ကျေးမှုအမွေအနှစ်ပုဂံဒေသမှ ထင်ရှားကျော်ကြားသော အနုမှာအာနန္ဒာဆိုသည့် အာနန္ဒာစေတီ၊ ဒုမှာ ဓမ္မရံဆိုသည့် ဓမ္မရံကြီး၊ အမြင့်မှာ သဗ္ဗညုဆိုသည့် စေတီသုံးဆူကို ပုံစံငယ်များဖြင့် ပြသထားရာ ပြပွဲ၏ထူးခြားမှုဟုလည်း ဆိုရပေမည်။ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝမှု၊ မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ထားမှုကိုလည်း မျက်ဝါးထင်ထင်မီးမောင်းထိုးပြထားသည်ဖြစ်ပေရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုမည်သာမက သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက်လည်း ထိထိရောက်ရောက် အကျိုးပြုပေမည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာဝင်ရောက်လာပုံပြကွက်တွင် အနော်ရထာမင်းကြီး ပိဋကတ်သုံးပုံပင့်ဆောင်လာပုံ ရုပ်တုဖြင့် ပုဂံသို့ ဗုဒ္ဓသာသနာရောက်ရှိမှု၊ သာသနာတော်သန့်ရှင်းတည်တံ့ထွန်းကားရေးအတွက် အဓိကကျသော သင်္ဂါယနာနှင့် စပ်လျဉ်း၍ ပဉ္စမသင်္ဂါယနာအချုပ် ကုသိုလ်တော်ဘုရားကျောက်စာ၊ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူပုံတို့ကို ပြသထားပါသည်။ မြန်မာနိုင်ငံရှိ ရှေးဟောင်းဘုရားပုထိုး၊ စေတီ၊ ဘုန်းကြီးကျောင်း စသည့် သာသနိကအဆောက်အအုံများပြကွက်တွင် တန်ခိုးကြီး ရှေးဟောင်းဘုရားပုထိုးများ၊ စေတီများ၊ သိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၏ ဓာတ်ပုံများ၊ စေတီတစ်ဆူ၏ ပန္နက်ပုံ၊ မြန်မာ့ရိုးရာ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ ပန္နက်ပုံတို့ကို ပြသထားပါသည်။ ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်များပြကွက်တွင် မြန်မာနိုင်ငံရှိ ပျူခေတ်မှ မျက်မှောက်ခေတ်အထိ သွန်းလုပ် ထုဆစ်ကိုးကွယ်ကြသည့် ဗုဒ္ဓရုပ်ပွားတော်များ၊ မုဒြာအစုံဘုရားများ၊ အုတ်ခွက်ရုပ်ပွားတော်များ၊ အန္တကူကျောက်ဗုဒ္ဓရုပ်ပွားတော်တို့ကို ခင်းကျင်းပြသထားပါသည်။

မြန်မာ့ဘုရားစင်ပြကွက်တွင် ဘုရားပန်းအိုးများ၊ သောက်တော်ရေခွက်များ၊ ဆွမ်းသပိတ်၊ ဆီမီးတိုင်၊ အမွှေးတိုင်ပူဇော်ရန် နေရာများ၊ စိပ်ပုတီး၊ ကြေးစည်စသည်တို့ကို စိတ်ဝင်စားဖွယ်ကောင်းအောင် ပြင်ဆင်ခင်းကျင်းပြထားပါသည်။ ဗုဒ္ဓသာသနာနှင့် ဆက်နွှယ်သော မြန်မာ့ရိုးရာ ဘာသာရေးပွဲတော်များပြကွက်တွင် (၁၂)လရာသီပွဲတော်များ ကျင်းပပုံ၊ ရဟန်းခံရှင်ပြုပွဲ ကျင်းပပုံ၊ အလှူဒါနပြုပွဲများ ပြုလုပ်ပုံ စသည်တို့ကို ရောင်စုံဓာတ်ပုံများ၊ ဗီနိုင်းများဖြင့် ပြသထားပါသည်။ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများပြကွက်တွင် ဘုန်းတော်ကြီးတစ်ပါးသုံးဆောင်သည့်ပစ္စည်းများ၊ သီလရှင်တစ်ပါး၏ ဝတ်စုံစသည်တို့ကို ရှင်းလင်းချက်စာသားများနှင့်အတူ ပြသထားပါသည်။ ဗုဒ္ဓသာသနာထွန်းကား၊ ပြန့်ပွားရေးဆောင်ရွက်ချက်ပြကွက်တွင် ဥပုသ်သီတင်းဆောက်တည်ပုံ၊ အဘိဓမ္မာစာမေးပွဲကျင်းပပုံ၊ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တရားတော် ရှင်းလင်းချက်၊ တိပိဋကရေ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့် အခမ်းအနား၊ မဟာစည်သာသနာ့ရိပ်သာတရားထိုင်ပုံနှင့် မိုးကုတ် ဝိပဿနာတရားစခန်းတို့ကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ပြသထားပါသည်။

မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲ၏ နောက်ဆုံးပြကွက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် မာရှယ်ချင်ယီ၏ ၁၉၆၀ ခုနှစ်ဝန်းကျင်က ရေးဖွဲ့ခဲ့သောကဗျာ ဖြစ်သည့် **"မြစ်ညာအစ၊ ဤဒေသတွင်၊ ကျွန်လျှင်နေ၍၊ အကြေမြစ်ညာ၊ ထိုနေရာတွင်၊ သင်ကနေ၏။ မြစ်တွေစီးဆင်း၊ တစ်မြစ်တွင်းမှ၊ ကြည်စွသည်ရေ၊ တူလေသောက်သုံး၊ ချစ်ကြင်အဆုံးမရှိပြီ"** ဟူသော ကဗျာကို ရေးသားဖော်ပြ၍ နှစ်နိုင်ငံချစ်ကြည်ရေးကို အလေးပေးဖော်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲ အောင်မြင်စွာ ခင်းကျင်းပြသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို အချိန်ယူဆောင်ရွက်ခဲ့ကြရပါသည်။ ပြသပစ္စည်းများသည် တန်ဖိုးကြီးမားသော ရှားပါးလက်ရာများဖြစ်သည့်အပြင် ခေတ်အဆက်ဆက် သမိုင်းကြောင်းအထောက်အထား ခိုင်မာသည့် ပစ္စည်းများစွာ ပါဝင်ပါသည်။ အနုပညာလက်ရာမြောက်၍ ဘာသာသာသနာနှင့် မြန်မာ့ယဉ်ကျေးမှုအတွက် ဂုဏ်ယူရမည့် ပစ္စည်းများဖြစ်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးအတွက်ဟူသောအချက်မှာ ပြသရခြင်း၏ အဓိကအချက်တွင် ပါဝင်ပေသည်။

နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်ကြီးသည် မြို့၏ ဂုဏ်ကျက်သရေဆောင် ခေတ်မီပြတိုက်ကြီး တစ်ခုဖြစ်ပါသည်။ ဘေးဘက်တွင် ယုန်ကျန်မြစ်၏ အလှအပနှင့် ယှဉ်တွဲ၍ ခံ့ညားထည်ဝါမှုကို ပေါ်လွင်စေပါသည်။ ပြတိုက်တွင် နိုင်ငံတကာအခမ်းအနားများ မကြာခဏပြုလုပ်လေ့ရှိပြီး နိုင်ငံတကာပြပွဲများ ပြသလေ့ရှိရာ အင်ဒိုနီးရှားနိုင်ငံ၏ ပါတိတ်အဝတ်အထည်နှင့် ဝတ်စားဆင်ယင်မှုပြခန်းကိုလည်း ခင်းကျင်းပြသထားသည်မို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Qin Pu နှင့် ညွှန်ကြားရေးမှူး Dr. Wang Wei တို့ ပါဝင်သောအဖွဲ့သည် မြန်မာနိုင်ငံသို့ ပြပွဲမတိုင်ခင်လာရောက်လေ့လာ ကြည့်ရှုခဲ့ကြပါသည်။ ရွှေတိဂုံစေတီတော်အပါအဝင် ပုဂံဒေသနှင့် မန္တလေးမြို့ရှိ ထင်ရှားကျော်ကြားသော နေရာများနှင့် ပြတိုက်များသို့လည်း သွားရောက်လေ့လာခဲ့ကြသည်။ နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှလည်း လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ သာသနာရေးဝန်ကြီးဌာန၏ ညှိနှိုင်းဆောင်ရွက်မှု၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၏ ကြိုးကြပ်ကွပ်ကဲမှု၊ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထည်ထည်ဝါဝါ ဖြစ်ခဲ့ရပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ရှာဖွေဖော်ထုတ်၍ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ ရေရှည်တည်တံ့အောင် မွမ်းမံထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြတိုက်များကိုလည်း မြန်မာ့အမျိုးသားယဉ်ကျေးမှုဆိုင်ရာ ဗဟိုဌာနများအဖြစ် လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အသိပညာဗဟုသုတများ အမွေအနှစ်များ၏ သတင်းအချက်အလက် ဗဟိုဌာနအဖြစ် လည်းကောင်း ရည်မှန်းချက်များထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြပွဲကာလသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့်လည်း တိုက်ဆိုင်လျက်ရှိပါသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဖော်ကျူးထားသည့် ကဗျာစာဆိုကြီး ဒေါက်တာထီလာစစ်သူ၏ ရောဝတီ ယန်စီ၊ ချစ်ကြည်တေးဆို ကဗျာများစာအုပ်ရှိ ယူနန်ပြည်သွား ကဗျာစု(၄)မှ နောက်ဆုံးပိုဒ်ကို ဖော်ပြရင်း "မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲကြီး"ကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**"မြန်မာတရုတ်၊ လက်ကိုင်ဆုပ်လျက်**
**ပေါင်းဖက်တွဲညီ၊ မေတ္တာသီကြ**
**ထောင်ချီနှစ်ပေါင်း၊ ကြာရှည်ညောင်းလည်း**
**မပြောင်းမလဲ၊ အစွန့်ရှည်"**

## ရွှေပြည်သာမြို့နယ် အလက(၄) မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရွှေပြည်သာမြို့နယ် အလက(၄) တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့)တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ကိုစိုးကို ဖုန်း-၀၉-၇၃၀၆၁၃၈၂၊ ဆရာဟိန်း ဖုန်း-၀၉-၄၃၀၄၉၄၅၊ ကိုရန်နိုင်ဦး ဖုန်း-၀၉-၇၃၀၉၁၄၉၄၊ ကိုရာမ ဖုန်း-၀၉-၇၃၁၈၅၅၄၉၊ ကိုအောင်ကိုဦး ဖုန်း-၀၉-၄၉၃၄၆၀၈၇၊ ကိုထိန်ဝင်း (၉)ရပ်ကွက် (သင့်ဘဝကဖီး) ရွှေပြည်သာနှင့် မချောစု(၉)ရပ်ကွက် (ဗ)၅၃၇ ရွှေပြည်သာတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## စစ်ကိုင်းအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

စစ်ကိုင်းအသင်း (ရန်ကုန်) ၏ (၂၇)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၉ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် မဟာသန္တိသုခကျောင်းတော် တာမွေမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက နိုဝင်ဘာ ၈ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတို့တွင် လည်းကောင်း မဟာသန္တိသုခကျောင်းတော်၌ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**သုံးခွမြို့နယ် မြို့ဝင်စံပြစိုက်ခင်းဖြစ်သော သိုက်တူးကန်ကျေးရွာအုပ်စု ကွင်းအမှတ် (၈၄၈)၊ ဦးပိုင် (၄၂/၁)၊ တောင်သူ ဦးမြင့်သောင်း၏ ဆင်းသုခ စပါးမျိုး ငါးဧကတွင် အောက်တိုဘာ ၂၂ ရက်က အထွက်နှုန်း ၁၁၁ ဒသမ ၂၀ တင်း ထွက်ရှိသည့် စံကွက်ရိတ်သိမ်းစဉ်။** (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)


## လူညွန့်တုံးစေသောအရာ

- ယနေ့အချိန်အခါတွင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု သိသိသာသာ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။
- မူးယစ်ဆေးဝါးကြောင့် လူညွန့်တုံးရသည်။
- မူးယစ်ဆေးဝါးကြောင့် မိကွဲ၊ ဖကွဲဖြစ်ကြရသည်။
- မူးယစ်ဆေးဝါးသည် မှတ်ဉာဏ်ကို ထိုင်းမှိုင်းစေသည်။
- ဝိသမလောဘသားများက ဘယ်သူသေသေ ငတေမာပြီးရော စိတ်စေတနာဆိုးဖြင့် လူငယ်များအား မူးယစ်ဆေးဝါးများ သုံးစွဲချင်လာအောင် သွေးဆောင်ဖြားယောင်းလျက်ရှိသည်။
- မူးယစ်ဆေးဝါးကို လုံးဝလက်တည့်စမ်း သုံးစွဲခြင်းမပြုသင့်။
- စွဲတတ်စေသော အရာများဖြစ်သဖြင့် မြည်းစမ်းခြင်းလည်း မပြုသင့်။
- မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ပြီး လူကောင်း၊ လူတော်၊ လူရည်မွန်များဖြစ်အောင် ကြိုးစားကာ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံကို အကျိုးပြုကြရမည်။

**ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့.**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့.**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယ ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အဖွဲ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံ စစ်သံမှူး Colonel Brey Sloan၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး Mr. Eric Barborlak နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန် သံရုံး ပထမအတွင်းဝန် Mr. Machut Shishak တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးလုပ်ငန်း များအပြင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

### ၄-၁၁-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၅ ၈။ "ညှော်မယ်ဖို့"
၈:၃၅ ၉။ အဆိုပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အရေးပြိုင်ပွဲ
၄:၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၂၅ ၉။ "ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ"
၅:၃၀ ၁၀။ "စိုက်ပျိုးရေးအားမာန် ဆည်တမံ"
၅:၄၀ ၁၁။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော်သံစုံတီးဝိုင်း တွဲဖက်ဖျော်ဖြေတင်ဆက်မှု
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယပိုင်း) (အပိုင်း-၃)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ လျှပ်တစ်ပြက်ဟာသများ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၁၅)**
၂၁။ သီချင်းချစ်သူ (Dဖြိုး)
၂၂။ အစီအစဉ်ပြီး၏။

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် GUNKUL Engineering Public Co., Ltd. တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)



# ပထမဦးဆုံးအကောင်အထည်ဖော်သည့် လေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းဖြစ် ၁၀၀၀ မဂ္ဂါဝပ်ကို ၂၀၁၈ ခုနှစ်တွင် စီးပွားဖြစ် ထုတ်လုပ်နိုင်မည်

နေပြည်တော် နိုဝင်ဘာ ၃

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် နိုဝင်ဘာ ၂ ရက်ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ခန်းမ၌ကျင်းပသော လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် GUNKUL Engineering Public Co., Ltd. တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး စီးပွားရေးသံမှူးနှင့် ထိုင်းနိုင်ငံ Provinical Electricity Authority (PEA) နှင့် Siam Commercial Bank တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့် လေစွမ်းအင်လျှပ်စစ်ဓာတ်အား ၁၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေးစီမံကိန်းသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကောင်အထည်ဖော်ဆောင်ရွက်သည့် လေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းဖြစ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်နှင့် အလှမ်းကွာဝေးသည့် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် လေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းများကို ဒေသ အာဏာပိုင်များနှင့် ပြည်သူတို့၏ ပံ့ပိုးကူညီမှုတို့ဖြင့်ဆောင်ရွက်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မှာဖြစ်ကြောင်း၊ ၂၀၀ မဂ္ဂါဝပ်စီ ထုတ်လုပ်နိုင်မည့် လုပ်ငန်းအဆင့်ငါးခုခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းပထမအဆင့်ကို ၂၀၁၅ခုနှစ်၌ စီးပွားဖြစ် ထုတ်လုပ်နိုင်မည်ဟု လျာထားကြောင်း၊ လုပ်ငန်းတစ်ခုလုံး၏ စုစုပေါင်း ထုတ်လုပ်နိုင်မည့် ၁၀၀၀ မဂ္ဂါဝပ်ကို ၂၀၁၈ ခုနှစ်တွင် စီးပွားဖြစ် ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၁၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်လာနိုင်ပါက မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စက်မှုစသည့် လူမှုစီးပွားရေးကဏ္ဍအသီးသီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ကာဗွန်ဓာတ်ငွေ့ လျှော့ချရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှုလည်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ GUNKUL Engineering Public Co., Ltd. ကိုယ်စား Mr. Gunkul Dhumron Gplyawut က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် GUNKUL Engineering Public Co., Ltd. ဥက္ကဋ္ဌတို့သည် လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ၁၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ စာချွန်လွှာများ အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဦးသန့် ကျမ်းသစ္စာဆိုခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၃**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်း ရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားသည် ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည့် တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် (၁၉၆၁-၁၉၇၁) အဖြစ် ဦးသန့် ကျမ်းသစ္စာဆိုခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသော ဦးကိုကိုလှိုင်နှင့် ဦးမြင့်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အစိမ်းရောင် စီးပွားရေးနှင့်အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် အကျိုးဆောင်များ၊ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားသည် ခန်းမပြင်ပ၌ ပြသထားသော ဦးသန့်၏ မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုသည်။

ထို့နောက် မစ္စတာ ဗီဂျေနမ်ဘီးယားက အမှာစကားပြောကြားပြီး ဦးသန့်၏ မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ဦးသန့် တာဝန်ထမ်းဆောင်စဉ် ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။ (သတင်းစဉ်)



**ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒုတိယ ဦးစီးမှူးနှင့်အထက် ဝန်ထမ်း/အရာထမ်းများအား အောက်တိုဘာ ၂၉ ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ဆောင်ရန် ရှောင်ရန်စည်းကမ်းများကို တွေ့ဆုံ မှာကြားစဉ်။** (ကြေးမုံ)



# လူသစ်တန်းခရစ်ကက်အားကစားပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ၏ အမျိုးသား Quarter Final နှင့် အမျိုးသမီး Simi Final ပွဲစဉ်တို့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရှိ သတ်မှတ်ထားသော ကျောင်းအားကစားကွင်းများ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီး Simi Final ပွဲစဉ်တွင် အထက(၂)သာကေတမြို့နယ်အသင်းက အထက(၃) မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းကို အနိုင်ရရှိပြီး အထက(၄) အလုံမြို့နယ် အသင်း က အထက(၂) တာမွေမြို့နယ်အသင်းကို နိုင်ကာဗိုလ်လုပွဲသို့ တက်ရောက်သွား ကြသည်။

အမျိုးသား Quarter Final ပွဲစဉ်တွင် အထက(၆)မင်္ဂလာဒုံမြို့နယ်အသင်းက အထက(၂) ဒဂုံမြို့နယ်အသင်းကိုလည်းကောင်း၊ အထက သုဝဏ္ဏအသင်းက အထက (၄) မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းကိုလည်းကောင်း၊ အထက(၂) သာကေတမြို့နယ် အသင်းက အထက(၃)တာမွေမြို့နယ်အသင်းကိုလည်းကောင်း၊ အထက(၂) တာမွေမြို့ နယ်အသင်းက အထက(၄) အလုံမြို့နယ်အသင်းကိုလည်းကောင်း အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။ ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ဒေသစာရီကြွချီအပူဇော်ခံမည့် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်နိုင်ရေးအတွက် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ခေါင်းဆောင်သော ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ကမ္ဘောဒီးယားနိုင်ငံ အစိုးရကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အမျိုးသားကော်မတီ(National Committee for Disaster Management -NCDM) မှ First Vice President ဝါရင့်ဝန်ကြီး H. E. Dr. Nhim Vanda, Second Vice President ဝါရင့်ဝန်ကြီး H. E. Ly Thuch၊ NCDM အတွင်းရေးမှူးချုပ် H. E. Mr. Ponn Narith နှင့် Cambodian Red Cross အတွင်းရေး မှူးချုပ် Lok Chum Teav နှင့် တာဝန်ရှိ သူများက လေဆိပ်မှ ကြိုဆိုကြသည်။

လှူဒါန်းပွဲတွင် မြန်မာသံအမတ်ကြီး ဦးချို့ထွန်းအောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့်ပြည်သူများအား စာနာထောက်ထားသည့်အနေဖြင့် စားသောက်ကုန်များ ပေးပို့လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး NCDM မှ First Vice President ဝါရင့်ဝန်ကြီး H. E. Dr. Nhim Vanda ထံ လှူဒါန်းပစ္စည်းများအား လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် H. E. Dr. Nhim Vanda က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ကမ္ဘောဒီးယားနိုင်ငံ ကြက်ခြေနီအသင်းသို့ ထပ်ဆင့်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပဲခူးတိုင်းအတွင်း ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

**မကွေးတပ်နယ်မှ တပ်မတော်သားများနှင့် ဒေသခံပြည်သူများသည် နိုဝင်ဘာ ၂ ရက်တွင် ဆိပ်ဖြူမြို့နယ် အရှေ့ကန်တွင်းကျေးရွာ၌ ရွာလယ်လမ်းမကြီးအား ရှင်းလင်းပြုပြင်ခြင်း၊ အောင်မြေဘုံသာ ဘုန်းတော်ကြီးကျောင်းဝင်းနှင့် ကျောင်းဆောင်အတွင်းမှ နုန်းမြေများအား ဖယ်ရှားရှင်းလင်းခြင်း၊ ရေတွင်းများ တူးဖော်ဆယ်ယူခြင်း၊ ရေနစ်မြုပ် အိမ်ရာများအား ပြန်လည်ပြုပြင်ခြင်း၊ အနောက်ကဘိုင်ကျေးရွာ၌ ရေတုံကင်တွင်းများ တူးဖော်ဆယ်ယူခြင်း၊ ရေနစ်မြုပ်ခဲ့သည့် အိမ်များအား ပြုပြင်ခြင်း၊ အိမ်သာများ ဆောက်လုပ်ခြင်း၊ ဆင်လန်းချောင်းကျေးရွာ၌ မူလတန်းကျောင်းသွားလမ်းမှ အမှိုက်များရှင်းလင်းခြင်း၊ ဘုန်းတော်ကြီး ကျောင်းဆောင်အတွင်းမှ နုန်းမြေများ ဖယ်ရှားရှင်းလင်းသန့်စင်ခြင်း ဆောင်ရွက်ကြသည်။**

အလားတူ ရွှေဘိုတပ်နယ်မှ တပ်မတော်သားများနှင့် ဒေသခံပြည်သူများသည် အင်းကန်ကျေးရွာ၌ ရွာလယ်လမ်းမှ ရွှံ့ညွန်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဆင်လန်းချောင်းကျေးရွာ ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သော မျှော်တိုင်များ၊ ထရံများ၊ အမိုးဝါးကပ်များ၊ သစ်များ၊ ဝါးများကို စုပုံခြင်း၊ ကိုးရွာဘုန်းတော်ကြီးကျောင်းအားပြုပြင်ခြင်း၊ သဖန်းတောက်ကျေးရွာ၌ ရွာလယ်လမ်းမှ ရွှံ့ညွန်များ ဖယ်ရှားရှင်းလင်းခြင်း၊ မူလတန်းကျောင်းအတွင်း/အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ပခုက္ကူတပ်နယ်မှ တပ်မတော်သားများသည် ရေဘေးသင့်အိမ်ထောင်စုများအား ပြန်လည်နေရာချထားပေးမည့် ပခုက္ကူမြို့ ကျွဲတဲကျေးရွာအုပ်စု စွန်သိုက်ရွာသစ်ကွင်း၌ သွပ်မိုး၊ ထရံကာ၊ လူနေအိမ် သုံးလုံးအား ဒိုင်းတင်ခြင်း၊ သွပ်မိုးခြင်း၊ ပေ ၂၀ × ၄၀ မြေကွက်များတွင် ခြံစည်းရိုးတိုင်များ စိုက်ထူခြင်း၊ လုပ်ငန်းသုံးသစ် ၁၀ တန် စုပုံခြင်း၊ ယာယီနေထိုင်သူများအတွက် မီးဖိုတဲများ ဆောက်လုပ်ခြင်း၊ ငါးခန်းတွဲ ရေလောင်းအိမ်သာ နှစ်လုံး ဆောက်လုပ်ခြင်း၊ ၈ × ၃ ပေ ပလတ်စတစ်သုံးရေကန် ခြောက်လုံး ပြုလုပ်ခြင်း၊ စိုက်ထူပြီး ဓာတ်မီးတိုင် ၂၀ တွင် မီးကြိုးသွယ်တန်းခြင်းနှင့် မီးချောင်းတပ်ဆင်ခြင်း၊ ရေပြာကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်မီးတိုင် ၁၅ တိုင် စိုက်ထူခြင်း၊ ထန်းတောမကျေးရွာ၌ နေအိမ်ပျက်များမှ ပစ္စည်းများအား သယ်ဆောင်ပေးခြင်း၊ နေအိမ်သစ်များ ဆောက်လုပ်ခြင်းတို့အား ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ကျောက်ပန်းတောင်းတပ်နယ်မှ တပ်မတော်သားများသည် ဒေါသာ၊ ဆင်နီတောင်ကျေးရွာများ၌ ကျေးရွာတွင်းလမ်းမှ ရွှံ့ညွန်များဖယ်ရှားရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ကျေးရွာ စာသင်ကျောင်းအတွင်း ရွှံ့ညွန်များဖယ်ရှားရှင်းလင်းခြင်း၊ သောက်သုံးရေရရှိရေးအတွက် အဝီစိတွင်း သုံးတွင်းအား ပြန်လည်ဆယ်တင်ခြင်း၊ ရေစကြိုတပ်နယ်မှ တပ်မတော်သားများသည် ထန်းတောမကျေးရွာ၌ ပျက်စီးနေသော နေအိမ်များအား ပြန်လည်ပြုပြင်ခြင်း၊ မုံရွာတပ်နယ်မှ တပ်မတော်သားများသည် ချိုက်ကျေးရွာ၊ ချောင်းနား ကျေးရွာများ၌ ရွာတွင်းလမ်းမှ နုန်းမြေများ ဆက်လက်ရှင်းလင်းဖယ်ရှားခြင်း၊ လူနေအိမ်များမှ ရွှံ့ညွန်များဖယ်ရှားရှင်းလင်းခြင်း၊ ရွာသစ်တည်ဆောက်မည့်နေရာသို့ လမ်းဖောက်လုပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မိတ္ထီလာတပ်နယ်မှ တပ်မတော်သားများသည် အနောက်ကမ်းဖြူ မြောက်ရွာမ၊ စိုက်ခမ်း၊ ကျားဘော၊ ဆားလောက်၊ ဘဲကျ၊ ကျားကွဲ၊ သံပုရာပင် ကျေးရွာများ၌ ရွာအဝင်လမ်း၊ ရွာတွင်းလမ်းများမှ ရွှံ့ညွန်များအား ဖယ်ရှားရှင်းလင်းခြင်း၊ ရေတုံကင်များအား ပြန်လည် ဆယ်တင်တူးဖော်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အိမ်သာများ ထပ်မံတည်ဆောက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းတန်ဆောင်းနှင့် သိမ်များအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရွှေဘိုတပ်နယ်မှ တပ်မတော်သားများသည် ကင်ပွန်းတောက်၊ ကျွန်းရင်း၊ လယ်သာဝ ကျေးရွာများ၌ ရွာတွင်းလမ်းမှ ရွှံ့ညွန်များ ဆက်လက် ဖယ်ရှားရှင်းလင်းခြင်း၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ အရာတော်တပ်နယ်မှ တပ်မတော်သားများသည် ပင်းတလဲကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းအတွင်း သဲနုန်းများဖယ်ရှား ရှင်းလင်းခြင်းတို့ကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပခုက္ကူခရိုင်အတွင်းရှိ ရေဘေးသင့်ကျေးရွာအသီးသီး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှုကြောင့် အရှေ့ကန်တွင်း၊ အင်းကန်၊ သဖန်းတောက်၊ တောင်ရွာမ၊ လယ်သာဝ၊ ကင်ပွန်းတောက်၊ အရှေ့ကဘိုင်၊ ဆင်လန်းချောင်း၊ ချောင်းနား၊ ချိုက် စသည့် ကျေးရွာများ၌ အောက်တိုဘာ ၃၁ ရက်မှ စတင်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာအသင်း ပွဲဦးထွက်အနိုင်ရ

**သတင်း - ရှိုင်းထက်ဇော်**

**ဂျကာတာ နိုဝင်ဘာ ၃**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဘန်ကာနိုကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ပွဲဦးထွက်သုံးမှတ်ရရှိသွားသည်။

**မြန်မာ - သုံးဂိုး**
**လာအို - နှစ်ဂိုး**

ပြီးခဲ့သည့် လာအိုဆီးဂိမ်းပြိုင်ပွဲတွင် ရလဒ်များဆိုးရွားခဲ့သည့် မြန်မာအသင်းမှာ ယခုနှစ်တွင် ပွဲဦးထွက်သုံးမှတ်အပြည့်ရရှိသွားသည်။ ၁၉ မိနစ်တွင် ဉာဏလွင် အထုတ်ခံရသောကြောင့် မြန်မာတို့တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသော်လည်း မြန်မာအသင်းမှာ နိုင်လိုစိတ်အပြည့်ဖြင့် အားကုန်ထုတ်ကစားခဲ့သောကြောင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

၂၂ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ကျော်ကိုကိုက ဂိုးစတင်သွင်းယူခဲ့သည်။ မြန်မာအသင်း၏ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးသွင်းယူမှုကို လာအိုတို့ ပြန်လည်ချေပနိုင်ခဲ့သော်လည်း ၈၄ မိနစ်တွင် ရန်အောင်ဝင်းက အနိုင်ဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းအတွက် ဒုတိယဂိုးကို ၇၅ မိနစ်တွင် ကျော်ကိုကို၏ တစ်ကိုယ်တော် အစွမ်းဖြင့် ဖန်တီးပေးမှုကို မင်းမင်းသူက သွင်းယူခဲ့ခြင်းဖြစ်သည်။

အနိုင်ရရှိခဲ့သော မြန်မာအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကများဖြစ်သည့် ဦးအောင်ကိုဝင်းနှင့် ဦးတေဇ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ တစ်သောင်းစီဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသောင်း ချီးမြှင့်သည်။

မြန်မာအသင်းသည် နိုဝင်ဘာ ၅ ရက်တွင် ဗီယက်နမ်နှင့် ကစားရမည်ဖြစ်သည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက် ကြေညာ

နေပြည်တော် နိုဝင်ဘာ ၃

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၅၉/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

**အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၅၉/၂၀၁၁)
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နွဲ့၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးမျိုးမြင့်က ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၃-၁၁-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှု အမှတ်(၁၄/၂၀၁၁) ဆုံးဖြတ်ချက်တွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)အတွက် ဒေါ်ခင်နွဲ့အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးမျိုးမြင့်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅(က)အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်၍ ဒေါ်ခင်နွဲ့သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှာ ဦးမျိုးမြင့်[၁၁/စတန(နိုင်)၀၀၄၁၅၀]ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ)အရ သတ်မှတ်ကြေညာလိုက်ပါသည်။

(ပုံ)
**တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လေးမျက်နှာမြို့နယ် အထက လှော်ကားထား မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် လှော်ကထား အခြေခံပညာ အထက်တန်းကျောင်း၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ဒီဇင်ဘာ ၃၁ ရက်အရောက် ကြွရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဒေါ်ခင်သန်းဦး ကျောင်းအုပ်ဆရာမကြီး အထက(၃) ကြည့်မြင်တိုင် (ရန်ကုန်)ဖုန်း-၀၁-၂၂၀၃၈၀၊ ဦးလှသိန်း (လှော်ကထား) ဖုန်း-၀၉-၄၉၇၆၆၀၆၉၊ ဦးသန်းဝင်း ကျောင်းအုပ်ကြီး အထက လှော်ကထား ဖုန်း-၀၉-၄၉၇၅၀၁၀၁၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၈၅၈၇၈၅၄ နှင့် ဦးအုန်းသန်း ဖုန်း-၀၉-၄၉၇၅၀၀၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၄-၁၁-၂၀၁၁ (သောကြာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "အဖုံးငါးသွယ် ဖယ်ရှားနည်း" တရားတော် [ဆရာတော် အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)] |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၅)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၀)** |
| ၈း၄၀ | City Mart Music Concert II (Part-5) |
| ၉း၂၅ | Movie Talk |
| ၉း၄၅ | လှူဖွယ်မြတ်သက်န်းရယ်နှင့် ဂုဏ်တင့်ကာဝင့်ထည်စေမည့် ရတနာမွန် |
| ၁၀း၀၅ | ထူးချွန်သူများနှင့် ချီးမြှင့်သူတို့၏ပွဲ |
| ၁၀း၂၀ | တွံတေးမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ |
| ၁၀း၃၅ | Fashion Week |
| ၁၁း၁၀ | သူတို့ပြောတဲ့သူတို့အကြောင်း |
| ၁၁း၄၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၀၀ | Activities In The City |
| ၁၂း၁၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ |
| ၁၂း၃၀ | အပြိုင်ကြဲမယ့် သီတင်းကျွတ်ဂီတပွဲ |
| ၁း၀၀ | "အဖုံးငါးသွယ် ဖယ်ရှားနည်း" တရားတော် [ဆရာတော် အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)] |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၃း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၅)** |
| ၄း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၀)** |
| ၅း၀၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "နှလုံးသားမှာ အထာရှိတယ်" |
| ၅း၂၀ | နေရဲမာန်၏ တေးစီးရီး မိတ်ဆက်ပွဲအခမ်းအနား |
| ၅း၄၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၆)** |
| ၇း၂၀ | City Mart Music Concert II (Part-6) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | စားချင်စဖွယ်နည်းအသွယ်သွယ် |
| ၈း၅၀ | အနုပညာမိုးကောင်းကင် |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၁)** |
| ၁၀း၁၅ | VJ Choice |
| ၁၀း၄၀ | Intellectual Talk |
| ၁၁း၂၅ | SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး |
| ၁၁း၄၅ | World of Knowledge |
| ၁၂း၃၅ | "ကြက်သွန်"စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ဆိပ်ဖြူမြို့တစ်ခွင် |
| ၁၂း၅၀ | အထောက်အကူပြုစရာ ကလေးတို့အတွက် အင်္ဂလိပ်စာ |
| ၁း၁၀ | မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ် |
| ၁း၁၅ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် |
| ၁း၃၀ | ရင်နှစ်ပန်းတို့လန်းစေချင် (ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)] |
| ၁း၄၅ | မြန်မာ့သနပ်ခါး |
| ၂း၀၀ | ပိတုန်းရောင်ကေသာဦးအတွက် |
| ၂း၁၀ | Shooting Location |
| ၂း၃၀ | ရေပျော်ငှက်၏တောင်ပံခတ်သံ |
| ၂း၅၀ | လမ်းညွှန်ပေးစက် GPS |
| ၃း၀၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၅ | ဖွံ့ဖြိုးသာယာ ကောလင်းမြေမှာ |
| ၄း၂၅ | မြန်မာ့လက်မှု ယွန်းအနုပညာ |
| ၄း၄၅ | ထူးခြားမြင့်မြတ်ပြည့်စုံခြင်းတို့ စုဝေးတည်ရှိရာ (မြန်မာနိုင်ငံ၏ တစ်ဆူတည်းသော တမုတ်ရှင်ပင် ရွှေဂူကြီးဘုရား) |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## လွှတ်တော်၌ ပြောဆိုဆွေးနွေးမှုများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို နည်းလမ်းမှန်ကန်စွာ လေးစားလိုက်နာကြရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေကြသည်ဟု မှတ်ယူ

နေပြည်တော် နိုဝင်ဘာ ၃

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၀)တို့ တက်ရောက်ကြပြီး အစည်းအဝေး၌ အဆိုအသစ် (၁)ခု တင်သွင်းဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။**



ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် နိုဝင်ဘာ ၁ ရက်က ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်အပေါ် အမျိုးသားလွှတ်တော်က ယမန်နေ့က ပြုလုပ်ခဲ့သည်ကို ကြားသိခဲ့ရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ Reciprocal Control, Check and Balance အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းပြုနိုင်ရေးတွင် လွှတ်တော်များကလည်း ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်အတန်းနှင့် အခွင့်အာဏာ တူသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်ပါကြောင်း၊ လွှတ်တော်နှစ်ရပ် အကြား အမြင်မတူမှု၊ သဘောထားကွဲပြားမှုများလည်းရှိသည်မှာ သဘာဝကျပါကြောင်း၊ ထိုသို့ အမြင်မတူမှု၊ သဘောထားမညီမျှမှုများရှိပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ခံယူကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အောက်တိုဘာ ၂၈ ရက် အစည်းအဝေး ကျင်းပပြီးသည့်နောက်ပိုင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး၏ ဖြစ်စဉ်များသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နာယက အပါအဝင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ဂုဏ်သိက္ခာကို ထိခိုက်သည်ဟု မယူဆပါကြောင်း၊ ဂုဏ်သိက္ခာများပင် ပိုမိုကောင်းမွန်လာသည်ဟု ယူဆပါကြောင်း။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

---

# ထိုင်းနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃**

ထိုင်းနိုင်ငံတွင် လတ်တလောဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် ထိုင်းနိုင်ငံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သောက်ရေသန့် ခုနစ်တန်နှင့် စားသောက်ဖွယ်ရာပစ္စည်း နှစ်တန် ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းက ပေးအပ်ခဲ့ပြီး **(အောက်ပုံ)** ထိုင်းနိုင်ငံအစိုးရကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Surapong Tovichakchaikul က လက်ခံကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃**

ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သောက်ရေသန့် ခုနစ်တန်နှင့် စားသောက်ဖွယ်ရာပစ္စည်း တစ်တန် လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ တပ်မတော် လေတပ်စခန်းဌာနချုပ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ တင်ဆောင်လာသည့် တပ်မတော်လေယာဉ်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်လေဆိပ်သို့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်ရောက်လာရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချိုထွန်းအောင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်အောင်နိုင်နှင့် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ✳

